မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
May 13, 2026 Volume 102, Number 8

၁၃ ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၄.၁၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၇၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၉၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၉ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အသစ်ဝင်နှမ်းများ အဝင်များလာ၍ ဈေးကျဆင်းနေသော်လည်း ဝယ်လိုအားကောင်းနေ



မန္တလေးပဲ၊ နှမ်းဈေးကွက် တွင် အသစ်ဝင်နှမ်းများလာသောကြောင့် ဈေးအနည်းငယ် ကျဆင်းသော်လည်း ဈေးကွက်အတွင်း အဝင်ရှိသလောက် အဝယ်လည်းရှိနေကြောင်း ပဲကုန်သည်များထံက သိရသည်။

မန္တလေးဈေးကွက်အတွင်း အသစ်ဝင်ပဲများတွင် ပဲကြီးတစ်မျိုးသာ ဈေးကောင်းရရှိနေပြီး မြေပဲဆန်၊ နှမ်းတို့မှာ ဈေးကျဆင်းလျက်ရှိသည်။

ပြည်တွင်းပဲနှမ်းဈေးကွက်တွင် အထက်အညာဒေသမှ မြေပဲ၊ နှမ်းနှမ်း၊ ပဲကြီး၊ ကျွန်းစားတော်ပဲများ အသစ်ဝင်ရောက်လျက်ရှိရာ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အသစ်ဝင်ရောက်မှုများလာသောကြောင့် ဈေးကွက်အတွင်းဈေးအနည်းငယ်ကျဆင်းနေကြောင်း၊ ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပို့ကုန်ပဲအုပ်စုမှာ ယခင်သီတင်းပတ်အတိုင်း ဈေးငြိမ်လျက်ရှိကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"မြေပဲဆန်ကတော့ အနည်းငယ်ဈေးကျဆင်းမှုရှိပေမဲ့ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ အသစ်ဝင်မြေပဲဆန်၊ နှမ်းနက်တွေ အဝင်ကောင်းနေပါတယ်။ လက်ရှိမှာဈေးကွက်ထဲ စုပြုံအဝင်ရှိလာတော့ ဈေးအနည်းငယ်ကျဆင်းလာတာပါ။ ပြည်တွင်းသုံးကုလားပဲတွေကလည်း တစ်အိတ်ချင်း တစ်ထောင် တက်လိုက် ကျလိုက်နဲ့ ပုံမှန်အရောင်းအဝယ်ရှိပါတယ်။ ပို့ကုန်ပဲတွေကတော့ အဝယ်အေး ဈေးအေးနေဆဲပါ၊ နှမ်းနှမ်းတွေကလည်း အသစ်ဝင်တွေများလာတော့ အဝယ်ဈေးကျဆင်းနေတာပါ" ဟုဂုင်းက ပြောသည်။

မေ ၁၀ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၄,၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀၊

ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၈,၀၀၀ အထိ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ V7 သုံးတင်း ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၃,၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀,၀၀၀ ပေါက်ဈေးရှိ နေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ မေ ၁၀ ရက်တွင် ပဲကြီးတစ်အိတ်လျှင်ငွေကျပ် ၅၇၀,၀၀၀ – ၅၈၀,၀၀၀၊ ကျွန်းစားတော်ပဲ (အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၀၀,၀၀၀၊ ပဲနီပြား(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀၊ ပဲထောပတ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ အသီးသီး ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ မေ ၁၀ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၁၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၅,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပြည်ပသို့ ပျားရည်တင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိခဲ့



ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ပျားရည်တန်ချိန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူရေးဌာနခွဲမှ သိရပါတယ်။

ဒေသထွက် ပျားရည်များကို ပြည်တွင်းစားသုံးခြင်းအပြင် ဆေးဝါးထုတ်လုပ်ငန်းများတွင် အသုံးပြုကြပြီး နှစ်စဉ်ပြည်ပနိုင်ငံများသို့လည်း ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် တင်ပို့လျက်ရှိပြီး နိုင်ငံခြားဝင်ငွေရရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

"ပြည်ပနိုင်ငံတွေကို ပျားရည်တင်ပို့မှုအနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာဆိုရင် စုစုပေါင်း မက်ထရစ်တန်ချိန် ၁၀၀၆ ဒသမ ၃၃ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံကနေ ပြည်ပတင်ပို့နေတဲ့ ပျားရည်တွေကို နိုင်ငံခြားသားကုန်သည် ဝယ်လက်တွေက ကြိုက်နှစ်သက်ကြပြီး အဲဒီပျားရည်တွေထဲမှာ ဆီးသီးပျားရည်နဲ့ နှမ်းပျားရည်ကို အများဆုံး တင်ပို့ပါတယ်" လို့ ပျားမွေးမြူရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြည်တွင်းမှထွက်ရှိသော ပျားရည်အမျိုးအစားများတွင် ဆီးသီးပျားရည်၊ နှမ်းပျားရည်၊ လိုက်ချီးပျားရည်၊ နေကြာပျားရည်၊ ပန်းပေါင်းစုံပျားရည်နှင့် ရော်ဘာပျားရည် တို့ပါဝင်ပြီး အဆိုပါပျားရည်များကို သက်ဆိုင်ရာသီးနှံများစိုက်ပျိုးသည့် ရာသီအလိုက် စုဆောင်းရရှိခြင်းဖြစ်ကြောင်း သိရပါတယ်။

မြန်မာ့ပျားရည်ကို ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှ အများဆုံးဝယ်ယူနေပြီး ပြည်တွင်း ပျားရည်ထွက်ရှိမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ အများဆုံးထွက်ရှိနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း ပျားရည်ထွက်ရှိကြောင်း သိရပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူရေးဌာနခွဲအနေဖြင့် ပြည်တွင်းရှိ ပျားရည်ထွက်နှုန်း တိုးတက်မြင့်မားလာစေရန် ပျားအုပ်စုများ ပြုပြင်ကုသခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူနိုင်စေရန် အသိပညာပေးခြင်းအပြင် နိုင်ငံတကာအဆင့်မီ အဆင့်အတန်းမြင့်သော ပျားရည်များ ထုတ်လုပ်နိုင်စေရန် သင်တန်းများဖွင့်လှစ်ကာ နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ရန်ကုန်တိုင်းဒေသကြီး၌ တောင်သူများပါဝင်သည့် Rice Export Zone များ ဆောင်ရွက်နေ




ရန်ကုန်တိုင်းဒေသကြီးမှာ ပြည်ပကို ဆန်တင်ပို့နိုင်ဖို့အတွက် နွေစပါးသီးနှံအတွက် တောင်သူတွေပါဝင်တဲ့ Rice Export Zone တွေကို အကောင်ထည်ဖော်ဆောင်ရွက်နေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကနေ သိရပါတယ်။

ပို့ကုန် ၂ ဆ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ပို့ကုန်လုပ်ငန်းရှင်တွေ၊ တောင်သူလယ်သမားတွေပူးပေါင်းပြီး Rice Export Zone စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်တယ်လို့ ဆိုပါတယ်။

ဆန်တင်ပို့မှုဇုန် (Rice Export Zone) အဖြစ် ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင် ၅ ခရိုင် ၊ မြို့နယ် ၈ မြို့နယ်၊ ကျေးရွာ ၃၇ ရွာမှာ တောင်သူ ၇၀၀ကျော်နဲ့ စိုက်ဧက ၁၁ ဧက စိုက်ပျိုးနေတာဖြစ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနကနေ သိရပါတယ်။

ဇုန်တွေမှာ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေသြဇာ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က Drum Seeder တွေ ထောက်ပံ့လှူဒါန်းနေတယ်လို့ ဆိုပါတယ်။

အဲဒီဇုန်တွေအတွင်းမှာ ပြည်ပကိုတင်ပို့လို့ရမဲ့ စပါးတွေကို စိုက်ပျိုးသွားမှာဖြစ်ပြီး နွေစပါးပေါ်တဲ့အချိန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဝယ်ယူကာ ဆန်တင်ပို့ဖို့ စာချုပ်ချုပ်ထားတဲ့နိုင်ငံတွေကို တင်ပို့သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပုသိမ်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် မေလပထမပတ်မှ လက်ရှိအချိန်ထိ ဈေးကွက်အတွင်းငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်း မွန်နေခြင်းဖြစ်သည်။

“ဒီလထဲမှာ ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာ တခြားငါးခြောက်တွေနဲ့ယှဉ်ရင် ငါးကွမ်းရှပ်ခြောက်ကပိုပြီးအရောင်းအဝယ်ကောင်းနေပါတယ်။ အခုဈေးကွက်အတွင်းမှာ ပုံမှန်ထက်ပိုပြီး ငါးကွမ်းရှပ်ခြောက် အရောင်း

TIR

အဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ၊ ငါးခြောက်လုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်" ဟု ၎င်းကပြောသည်။

ပုသိမ်မြို့နယ်၌ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးနှင့် ကဏန်းများကို ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်နှင့် ဝယ်ယူလိုသည့် ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

Source : https://myawady.net.mm/

## မုံရွာမြို့နယ်ရှိ ကွမ်းဈေးနှုန်းဈေးကွက်အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အောင်သာကျေးရွာတွင် ကွမ်းကို တစ်နိုင်တစ်ပိုင် အနေဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြပြီး မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ စိုက်ပျိုးကြရာ မိုးစိုက်မှာ ပိုးကျလွယ်ပြီး ပျက်စီးဆုံးရှုံးမှုများသဖြင့် ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကွမ်းကိုစိုက်ပျိုးရန်အတွက် ကွမ်းမျိုးဖြစ်သည့် ကွမ်းညွန့်တစ်ညွန့်လျှင် လက်ကားဈေး ငွေကျပ် ၅၀၀ ကျပ်ခန့်ဖြင့် ဝယ်ယူကာ တစ်ကေ၏ နှစ်ပုံတစ်ပုံခန့် သုည ဒသမ၅ ကေ အကျယ်ရှိ ကွမ်းခြံ၌ ကွမ်းအညွန့် ၁၀၀၀-၁၁၀၀ ခန့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ကွမ်းနုဝါမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကွမ်းကို စိုက်ပျိုးပြီး ၅-၆ လခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး နေရာဒေသ၊ မြေအနေအထားနှင့် ကွမ်း မျိုးကောင်းမျိုးသန့် အပေါ်မူတည်၍ ၃ နှစ်မှ ၅ နှစ်အထိ ခူးဆွတ်ရရှိနိုင်ကြောင်း၊ စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါ အဝင် တစ်ကေ၏ နှစ်ပုံတစ်ပုံခန့် သုည ဒသမ ၅ ကေလျှင် ငွေကျပ် ၇၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကွမ်းရွက်ကို ၁၀ ရက်ခြား တစ်ကြိမ်ခူးဆွတ်ရပြီး တစ်ကြိမ် ခူးဆွတ်လျှင် ၂၀-၂၅ ပိဿာခန့် ထွက်ရှိ၍ တစ်လလျှင် ပိဿာချိန် ၅၀ - ၅၅ ခန့် ထွက်ရှိရာ ကွမ်းပင်များ ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက် အနေဖြင့် မေလ ပထမအပတ်တွင် လက်ကားဈေး ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀-၈၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိပြီး ၁၀ ရက် တစ်ပတ်ဝင်ငွေကျပ် ၁၅၀,၀၀၀၊ တစ်လဝင်ငွေကျပ်၃၇၅,၀၀၀ ရရှိကြောင်း၊ ကွမ်းဈေးအတက်အကျပေါ်မူတည်၍ အပတ်စဉ်၊ လစဉ်ဝင်ငွေရရှိပြီး မုံရွာမြို့ပေါ်ရှိ ကွမ်းအဝယ်ဒိုင်များသို့တင်ပို့ရောင်းချကြကြောင်း၊ ကွမ်းအထွက်နှုန်းများကြောင်း၊ ကွမ်းစိုက်တောင်သူများထံက သိရသည်။

**Source : DOCA(စစ်ကိုင်း)**

## ဂျပန်နိုင်ငံတွင် ပလတ်စတစ်ဖြင့် ထုပ်ပိုးစရိတ်မြင့်တက်လာခြင်းကြောင့် အစားအသောက်ဈေးနှုန်းများ မြင့်တက်လာနိုင်ဖွယ်ရှိ

**ဂျပန်နိုင်ငံတွင် ပလတ်စတစ်သုံးပစ္စည်းများဖြင့် ထုပ်ပိုးသည့်စရိတ်မြင့်တက်လာခြင်းကြောင့် အစားအသောက်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း** The Japan Times **သတင်းဌာန၏ အွန်လိုင်းသတင်းတွင်** “Food prices in Japan set to rise as war drives up cost of plastic packaging” **ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။**

အဆိုပါသတင်းတွင် အရှေ့အလယ်ပိုင်းဒေသရှိ ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် လောင်စာဆီသယ်ယူပို့ဆောင်မှုလမ်း

ကြောင်းပြတ်တောက်နေခြင်းကြောင့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့်ကုန်ကြမ်း Naphtha (နက်ဖ်သာ)ဝယ်ယူရရှိရန် ခက်ခဲလာကြောင်း၊ သို့ဖြစ်ရာ ၎င်းဓာတုပစ္စည်းမှထုတ်လုပ်သည့် ပိုလီပရိုပလင်း (polypropylene)နှင့် ပိုလီအီသလင်း(polyethylene)ကဲ့သို့သော ထုပ်ပိုးပစ္စည်းများ၏ ဈေးနှုန်းများမြင့်တက်လာသည့်အတွက် အစားအသောက်ထုတ်လုပ်သည့် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များအပေါ် သက်ရောက်မှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြထားသည်။

ထိုသို့ပလတ်စတစ်ဖြင့်ပြုလုပ်ရသည့် ထုပ်ပိုးပစ္စည်းများဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ဂျပန်နိုင်ငံတွင် လာမည့်နွေရာသီမှစတင်၍ စားသောက်ကုန်နှင့်အဖျော်ယမကာဈေးနှုန်းများမြင့်တက်လာဖွယ်ရှိကြောင်း၊ အရှေ့အလယ်ပိုင်းဒေသရှိ ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် လောင်စာဆီအပါအဝင် စွမ်းအင်သယ်ယူပို့ဆောင်မှုလမ်းကြောင်းပိတ်ဆို့နေသည့်အတွက် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးကွက်သည် မငြိမ်မသက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဂျပန်နိုင်ငံအပါအဝင် အာရှနိုင်ငံ အများစုသည် အရှေ့အလယ်ပိုင်းဒေသ၏ လောင်စာဆီအပါအဝင် စွမ်းအင်တင်သွင်းမှုအပေါ် မှီခိုနေရသည့်အတွက် ယခုအခါ ထိခိုက်လွယ်သည့်အခြေအနေသို့ ရောက်ရှိနေကြောင်း ဖော်ပြထားသည်။

ရေနံမှဆင်းသက်လာသည့် ဓာတုထွက်ကုန်များအပါအဝင် ကုန်ကြမ်းပြတ်လပ်ခြင်းကြောင့် အစားအသောက်ထုတ်လုပ်မှုကဏ္ဍမှသည် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာထုတ်လုပ်မှုကဏ္ဍအထိ အသီးသီးသက်ရောက်မှုများဖြစ်ပေါ်လာကြောင်း၊ Teikoku Databank ၏အစီရင်ခံစာအရ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ဈေးနှုန်းအမြင့်ဆုံးသို့ရောက်ရှိမည့် အစားအသောက်အုပ်စုတွင် ချောကလက်နှင့်မုန့်ပဲသွားရည်စာများအဓိကပါဝင်ကြောင်း၊ ဂျပန်နိုင်ငံ၏အခြေခံစားသုံးသူဈေးနှုန်း (လတ်ဆတ်သော အစားအစာများမပါဝင်ဘဲ)သည် ၂၀၂၆ ခုနှစ်၊ မတ်လအတွင်းတွင် ပြီးခဲ့သည့်နှစ်ကထက် ၁ ဒသမ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည်ထက် ပိုမိုမြင့်မားခဲ့ကြောင်း၊ ထို့ပြင် လတ်ဆတ်သော အစားအစာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍနှစ်ခုမပါဝင်ဘဲ တွက်ချက်ထားသည့် ငွေကြေးဖောင်းပွမှုနှုန်းထားမှာလည်း ဂျပန်နိုင်ငံဗဟိုဘဏ်က သတ်မှတ်ထားသည့် ၂ ရာခိုင်နှုန်းထက် ကျော်လွန်၍ ၂ ဒသမ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

**Source:**https://www.japantimes.co.jp/business/2026/04/30/economy/food-price-rise-package-cost/

**(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

## အိန္ဒိယအစိုးရက ၂၀၂၆-၂၀၂၇ ရာသီအတွက် ကြံဈေးနှုန်းတိုးမြှင့်သတ်မှတ်

အိန္ဒိယအစိုးရအနေဖြင့် လာမည့် ၂၀၂၆-၂၀၂၇ ကြံစိုက်ပျိုးရာသီအတွက် ကြံဈေးနှုန်း FRP(တောင်သူများအတွက် သင့်တင့်မျှတပြီး အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစိုးရသတ်မှတ်အနိမ့်ဆုံးဈေးနှုန်း- Fair and Remunerative Price)ကို တစ်ကွမ်တယ်(Quintal-၁၀၀ ကီလိုဂရမ်)လျှင် ၃၆၅ ရူပီးအဖြစ် သတ်မှတ်ရန်အတည်ပြုလိုက်ကြောင်း သိရသည်။

၎င်းဈေးနှုန်းသည် သကြားထွက်နှုန်း (Recovery Rate)၁၀ ဒသမ၂၅ ရာခိုင်နှုန်းအပေါ်အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ပြီး ထိုသတ်မှတ်ချက်သည် ဝန်ကြီးချုပ်နရင်ဒရာမိုဒီဦးဆောင်သောစီးပွားရေးရာကက်ဘိနက်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားသာယာရေးဝန်ကြီး၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အဆိုပါသတ်မှတ်ချက်အရ သကြားစက်ရုံများသည် သကြားထွက်နှုန်း ၁၀ ဒသမ၂၅ ရာခိုင်နှုန်းထက် ကျော်လွန်ပါက ပိုထွက်လာသည့် သုည ဒသမ ၁ ရာခိုင်နှုန်းတိုင်းအတွက် တစ်ကွမ်တယ်လျှင် ၃ ဒသမ ၅၆ ရူပီးအပိုဆောင်း(Premium)ပေးချေရမည်ဖြစ်သည်။ အကယ်၍ သကြားထွက်နှုန်းသည် ၁၀ ဒသမ၂၅ ရာခိုင်နှုန်းအောက် လျော့နည်းနေပါကလည်း အထက်ပါနှုန်းထားအတိုင်းတွက်ချက်၍ ကြံဈေးနှုန်း(FRP)ကို လျှော့ချသတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသတ်မှတ်ချက်တွင် တောင်သူများနစ်နာမှုမရှိစေရန်အတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သကြားထွက်နှုန်း ၉

ဒသမ ၅ ရာခိုင်နှုန်းအောက် လျော့နည်းသော စက်ရုံများသို့ ကြံပေးသွင်းသည့် တောင်သူများအနေဖြင့် ဈေးနှုန်းလျှော့ချခံရခြင်း ရှိမည်မဟုတ်ဘဲ တစ်ကွမ်တယ်လျှင် အနည်းဆုံး ၃၃၈ ဒသမ ၃၀ ရူပီးကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ထား ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားသာယာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ၂၀၂၆-၂၀၂၇ ကြံစိုက်ပျိုးရာသီအတွက် ကြံတစ်ကွမ်တယ်လျှင် ကုန်ကျစရိတ်မှာ ၁၈၂ ရူပီးခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

ယခုအသစ်အတည်ပြုလိုက်သော ကြံဈေးနှုန်း (FRP) ၃၆၅ ရူပီးသည် ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ရာသီက သတ်မှတ်ခဲ့သော ဈေးနှုန်းထက် ၂ ဒသမ၈၁ ရာခိုင်နှုန်းပိုမိုမြင့်မားလာခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်ယခုဈေးနှုန်းမှာစိုက်ပျိုးစရိတ်ထက်နှစ်ဆ(၁၀၀ ရာခိုင်နှုန်း)ခန့်ပိုမိုရရှိနိုင်မည့်အခြေအနေတွင်ရှိနေသည်။ အိန္ဒိယ နိုင်ငံ၏သကြားကဏ္ဍသည် ကြံစိုက်တောင်သူနှင့် ၎င်းတို့၏မိသားစုဝင်စုစုပေါင်း ၅ ကုဋေ(သန်း ၅၀)ခန့်နှင့် တိုက်ရိုက်ဆက် နွယ်နေပြီး သကြားစက်ရုံများနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော အလုပ်သမားပေါင်း ၅ သိန်းခန့် အတွက် လည်း အလုပ်အကိုင်အခွင့်အလမ်းများကိုဖန်တီးပေးထားကြောင်း သိရသည်။

ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ကြံဖိုးငွေပေးချေမှုအခြေအနေများနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ကြံစိုက်ပျိုးရာသီအတွက် ပေးချေရန် စုစုပေါင်းရူပီး ၁၀၂,၆၈၇ ကုဋေရှိသည့်အနက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိ ရူပီး ၁၀၂,၂၀၉ ကုဋေကို ပေးချေပြီးဖြစ်ကြောင်းသိရသည်။

လက်ရှိ ၂၀၂၅-၂၀၂၆ ရာသီအတွက်မှ ပေးချေရန် စုစုပေါင်း ရူပီး ၁၁၂,၇၄၀ ကုဋေ ရှိရာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိ ရူပီး ၉၉,၉၆၁ ကုဋေခန့်ကို ပေးချေပြီးဖြစ်ကြောင်း သိရသည်။

**Source: The Hindu: India Approves Sugarcane FRP at ₹365 per Quintal for 2026–27**

**(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (13.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th May, 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,350 (Shares) | 76,675,750 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 14,000 | +500 | +3.70% | 13,500 | 14,000 | 13,500 | 55 | 743,000 | 33,109,694 | 463,536 |
| MTSH | 00002 | 6,400 | +100 | +1.59% | 6,300 | 6,400 | 6,300 | 7,355 | 46,481,900 | 38,929,150 | 249,147 |
| MCB | 00003 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,400 | 600 | 5,640,000 | 10,400,986 | 97,769 |
| FPB | 00004 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 12 | 52,800 | 31,144,738 | 137,037 |
| TMH | 00005 | 3,300 | +50 | +1.54% | 3,300 | 3,300 | 3,300 | 12 | 39,600 | 12,823,224 | 42,317 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 2,657 | 4,649,750 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 8 | 31,600 | 10,497,598 | 41,466 |
| MAEX | 00008 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,000 | 4,651 | 19,037,100 | 23,804,946 | 97,600 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th May, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 613.55 | +11.11 | +1.84% | 602.44 | 613.55 | 601.18 | 15,350 | 76,675,750 | 8 | 1,163,832 |

### Index chart





YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th May, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 613.55 | +11.11 | +1.84% | 602.44 | 613.55 | 601.18 | 15,350 | 76,675,750 | 8 | 1,163,832 |

### Index chart

TIR